ခေါင်းစဉ်၊ **ခရစ်တော်၏ တပည့်တော်စစ်**

ရေးသားသူ၊ ***သိက္ခာတော်ရ ဆရာဒေါက်တာလထော်ဇော်ဆမ်***

ISBN: 978-0-9878974-8-0

© ၂၀၀၉ သိက္ခာတော်ရဆရာ ဒေါက်တာလထော်ဇော်ဆမ်၏ မူပိုင်ဖြစ်သည်။

**L.A.M.B.S** ပုံနှိပ်ထုတ်ဝေရေး၊ မြန်မာ၏ ကြိုတင်၍ သဘောတူညီမှု မရှိဘဲ ဤစာအုပ်၏ မည်သည့်အစိတ်အပိုင်းကိုမဆို အီလက်ထရောနစ်၊ ပုံနှိပ်စက်၊ မိတ္တူကူးခြင်း၊ အသံသွင်းခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပြန်လည် ပုံနှိပ်ထုတ်ဝေခြင်း၊ ပြန်လည်ထုတ်ယူနိုင်သည့် စနစ်တစ်ခုအတွင်း သိမ်းဆည်းထားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်းကို မည်သည့်ပုံစံ၊ မည်သည့် နည်းလမ်းများဖြင့်မျှ ပြုလုပ်ခြင်း မပြုရန် ကြပ်တည်းစွာ တားမြစ်ပါသည်။ စာအုပ်၏ ရပိုင်ခွင့် အားလုံးကို မူပိုင်ပြုထားပါသည်။

**သတိပြုရန်မှာ**

အထူးတလည်ဖော်ပြထားခြင်း မရှိလျှင် သမ္မာကျမ်းအညွှန်း အားလုံးသည် ဆရာယုဒသန် အနက်ပြန်သော သမ္မာကျမ်းစာအုပ်မှ ထုတ်နှုတ်ထားခြင်း ဖြစ်ပါသည်။

**ကန့်သတ်ထုတ်ဝေသည်။**

# မာတိကာ

စာမျက်နှာ

နိဒါန်း ၅

၁၊ တပည့်တော်တစ်ဦးသည် သမ္မာကျမ်းစာတော်မြတ်ကို လေ့လာရန် လိုအပ်ပါသည်။ ၇

၂၊ တပည့်တော်တစ်ဦးသည် ဆုတောင်းရန် လိုအပ်ပါသည်။ ၉

၃၊ တပည့်တော်တစ်ဦးသည် ညွှန်ကြားခြင်းခံရန် လိုပါသည်။ ၁၂

၄၊ တပည့်တော်တစ်ဦးသည် မိတ်သဟာယဖွဲ့ရန် လိုပါသည်။ ၁၃

၅၊ တပည့်တော်တစ်ဦးသည် သက်သေခံရန် လိုအပ်ပါသည်။ ၁၄

၆၊ တပည့်တော်တစ်ဦးသည် စည်းကမ်းရှိရန် လိုအပ်ပါသည်။ ၁၇

၇၊ တပည့်တော်တစ်ဦးသည် မျိုးစေ့ကြဲသောသူတစ်ဦး ဖြစ်ရပါမည်။ ၁၉

နိဂုံး ၂၁

က။ ပဌနာတော် ၂၂
ခ။ ဆာလံ ၂၃
ဂ။ ပြန်လည်သုံးသပ် ရေးမှတ်ရန် ၂၄

# ခရစ်တော်၏ တပည့်တော်စစ်

## ဥယျောဇဉ်

### ၁။ ရည်ရွယ်ချက်

ဤစာအုပ်ငယ်ကို ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ ခရစ်တော်၏ တပည့်တော်များ သူတို့၏ ယုံကြည်ခြင်း၌ လျှောက်လှမ်းရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ အကယ်၍ ယေရှုခရစ်တော်အတွက် ကြီးပွားရင့်ကျက်လာရန် သူတို့ မျှော်လင့်သည်ဆိုပါက သူတို့သည် ယုံကြည်သူတစ်ဦး သိကျွမ်းနားလည်ရန် လိုအပ်သည့် ဘာသာရပ် အမျိုးမျိုး ကို သင်ကြားလေ့လာသူ တန်ဆာပလာများ ဖြစ်လာရမည် ဖြစ်ပါသည်။ ခရစ်တော်သည် တပည့်တော်များ၏ တာရှည်ခံသော သီးပွင့်မှုများမှ တဆင့် ကြည့်မြင်ရန် လိုလားတော်မူပါသည်။ ကျွန်ုပ်တို့၏ မျှော်လင့်ချက် မှာ ဤလက်ရာများကို သင်ဖတ်ရှုလေ့လာသည်နှင့်အမျှ ဤအရာများက သင့်ကို ခရစ်တော်ယေရှု၏ ပို၍ ကောင်းသောအစေခံတစ်ဦး ဖြစ်လာ စေရန် ပြုလုပ်ပေးလိမ့်မည်ဟူ၍ ဖြစ်ပါသည်။ ခရစ်တော်က လေ့ကျင့်သင်ကြားနိုင်သော အလုပ်သမားများကို ရှာဖွေနေပါသည်။ သို့မှသာ သူတို့သည် ဘုရားသခင်၏ နိုင်ငံတော်အတွက် ကမ္ဘာလောကကြီးထဲသို့ ထွက်၍ အခြားသူများကို ထိတွေ့နိုင်မည် ဖြစ်ပါသည်။

### ၂။ ဘာသာပြန်ဆိုခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ဤစာအုပ်ထဲတွင် အင်္ဂလိပ်နှင့် မြန်မာဘာသာပြန်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ စာဖတ်သူအနေဖြင့် ကျွန်ုပ်တို့သည် အင်္ဂလိပ်စာကို =လုံးစေ့ပတ်စေ့+ ပြန်ဆိုခြင်း မဟုတ်ဘဲ အတွေးအခေါ်၊ အယူအဆကိုသာ ပြန်ဆိုခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်း ပြုထားသည်ကို နားလည်သဘော ပေါက်ထားရန် အရေးကြီးပါသည်။ ဤစာအုပ်ငယ်ကို ကျမ်းစာအုပ်နှင့် တွဲဖက်အသုံးပြုပြီး ဆုတောင်းခြင်းအားဖြင့်

ဖတ်ရှုသူတစ်ဦးအတွက် ဤ ကမ္ဘာပေါ်တွင် အသက်တာလမ်းတစ်ခုအတွက် သမ္မာတရားများကို ရှာဖွေတွေ့ရှိပါလိမ့်မည်။

## ၃။ ကျေးဇူးတင်ရှိခြင်း

အားလုံးသိကြသည့်အတိုင်း လူတစ်ဦးတစ်ယောက်တည်းဖြင့် အလုပ် မပြီးနိုင်ပါ။ သို့ရာတွင် အတူတကွ လုပ်ဆောင်သော အဖွဲ့တစ်ဖွဲ့လိုပါသည်။ ထို့ကြောင့် ဘုရားသခင် ဖွဲ့စည်းပေးလိုက်သော အောက်ပါအဖွဲ့ကို ကျွန်ုပ် အထူးကျေးဇူးတင်ရှိပါသည်။

| | | |
|---|---|---|
| ကြည်မောင်အေး | - | ဘာသာပြန် |
| မရန်နော်အောင် | - | စာတည်းနှင့်အချောဖတ်ခြင်း |
| လဟီထုရှန် | - | စာတည်းနှင့်အချောဖတ်ခြင်း |
| ငွမ်လိန်လဝေါမ် | - | ကွန်ပြူတာနှင့်ပုံစံချခြင်း |
| ဘွမ်မြန်ခေါဝင်း | - | စာတည်းမှူး |

ဤစာအုပ်ငယ်များကို အချောဖတ်ပေးခြင်းနှင့် အဖိုးတန်သော အကြံဉာဏ်များ ပေးခြင်းတို့အတွက် အထူးကျေးဇူးတင် လိုပါသည်။ ကျွန်ုပ်တို့အဖွဲ့ အနေဖြင့် ဤစာအုပ်ငယ်လေးများသည် သင်တို့အတွက် အသင့်ဖြစ်စေရန် ကျွန်ုပ်တို့၏ နှလုံးသားများကို ထိတွေ့သကဲ့သို့ သင်တို့၏ နှလုံးသားများကို ထိတွေ့စေရန် ဆုတောင်းမေတ္တာပို့သ လိုက်ပါသည်။ ဘုရားရှင် ဘုန်းကြီးတော်မူပါစေသော။

ခရစ်တော်၏အမှုတော်မြတ်၌

***သိက္ခာတော်ရ ဆရာဒေါက်တာလထော်ဇော်ဆမ်***

## နိဒါန်း

သင်သည် ဆုတောင်းခြင်း၊ အပြစ်ဝန်ချခြင်းနှင့် ကိုယ်တော်ကို သင်၏ နှလုံးသားထဲသို့ အရှင်သခင်နှင့် ကယ်တင်ရှင်အဖြစ် ဖိတ်ခေါ်ခြင်းဖြင့် သင်သည် ယေရှုခရစ်တော်ထံ ဆက်ကပ်အပ်နှံခြင်းအမှုကို ပြုခဲ့ပြီ ဖြစ်ပါသည်။ ထို့ကြောင့် ယခုအခါ သင်၏ အသက်တာတွင် အသုံးချရန် အခြေခံစည်းမျဉ်းအသစ်များ ရှိလာပြီဖြစ်ပါသည်။

==ခရစ်တော်၏ နောက်တော်သို့ လိုက်ခြင်းဆိုသည်မှာ မည်သည့်အဓိပ္ပါယ်ကို ဆောင်ပါသနည်း++ ဟူသော မေးခွန်းကို သင် မေးကောင်းမေးနိုင်ပါသည်။ တနည်းအားဖြင့် ယင်းသည် အိမ်တစ်လုံးဆောက်သည်နှင့် တူပါသည်။ သင်သည် အုတ်မြစ်ချခဲ့ပြီးဖြစ်၍ ကျန်အစိတ်အပိုင်းများကို မဖြစ်မနေ ဆောက်ရတော့မည် ဖြစ်ပါသည်။ အခြားဥပမာတစ်ခု ပြရလျှင် ယင်းသည် သင်၏ နှလုံးသားဥယျာဉ်၌ ပျိုးထောင်ခဲ့ပြီးသော မျိုးစေ့များနှင့် တူပါသည်။ ဤမျိုးစေ့များ ကြီးရင့်လာ၍ အသီးများသီးသည်ကို မြင်တွေ့လိုပါက အရေးကြီးသောအဆင့်များကို ပေါင်းထည့်ရန် လိုအပ်ပါသည်။

ခရစ်တော်၏ နောက်တော်လိုက်တစ်ဦးဖြစ်ရန်ဟူသော သင်၏ ဆုံးဖြတ်ချက်သည် ပေါင်းသင်းဆက်ဆံမှုနှင့် မိသားစုအသစ်တစ်ခုကို မွေးဖွားသန့်စင်ပေးလိုက်ပါသည်။ ထိုအချက်က သင့်ကို သမ္မာကျမ်းစာတော်မြတ်အခေါ် တပည့်တော်ဆိုသူတစ်ဦး ဖြစ်စေပါသည်။

### ပေါင်းသင်းဆက်ဆံမှုအတွက်

သင်၏ ဆက်ကပ်အပ်နှံမှုသည် ယေရှုခရစ်တော်နှင့်ကိုယ်တိုင် ပေါင်းသင်းဆက်ဆံမှု တစ်ရပ်ကို ဖွင့်လှစ်ပေးလိုက်ပါသည်။ ကြီးပွါးခြင်းနှင့် ရင့်ကျက်ခြင်းတို့၏ ကောင်းသောအချိန်နှင့် ကြမ်းတမ်းသော အချိန်များတွင် သင်နှင့်အတူ လျှောက်

လှမ်းရန်၊ သင်၏ ခြေလှမ်းတိုင်းတွင် အတူလိုက်ပါဖို့ ကိုယ်တော် အလိုတော်ရှိပါသည်။ သင်သွား လေရာရာ၌ ကိုယ်တော် အတူပါရှိပါသည်။

**မိသားစုဝင်အဖြစ်**

ခရစ်တော်ထံ သင်၏ ဆက်ကပ်အပ်နှံမှုက သင့်အား မိသားစုအသစ်တစ်ခု ညီအစ်ကိုမောင်နှမများနှင့် ယုံကြည်ချက်ခြင်းတူသော လူများထံ မွေးဖွားသန့်စင်ပေး လိုက်ပါသည်။ ဤလောကခရီးထဲတွင် သင်သည် အထီးကျန် မဟုတ်ပါ။ ခရစ်တော် သည် သင့်ကို သူ၏ခန္ဓာကိုယ်ဖြစ်သော အသင်းတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ရန် လုပ်ဆောင်လိုက်ပါသည်။

သင်သည် အစေခံရန်အတွက် ထူးခြား၍ အရည်အချင်းထူးများရှိသော အသင်းသားတစ်ဦး ဖြစ်လာပါသည်။ အသင်းတော်သည် အကူအညီ၊ အမအစနှင့် ခွန်အားရရှိရန်အတွက်နှင့် ခရစ်တော်နှင့် လျှောက်လှမ်းခြင်းကို ခိုင်မာစေရန် အတွက် သွားရမည့်နေရာတစ်ခု ဖြစ်ပါသည်။

**တပည့်တော်တစ်ဦးအနေဖြင့်**

သင်၏ဆက်ကပ်အပ်နှံမှုသည် သင့်ကို ခရစ်တော်၏တပည့်တစ်ဦးလည်း ဖြစ်စေပါသည်။ ယင်းအဓိပ္ပါယ်မှာ သင်သည်

- သခင်ယေရှု၏သွန်သင်မှုများနှင့်နည်းလမ်းများကိုလိုက်နာရန်
- သူ၏စည်းကမ်းနှင့်သွန်သင်မှုအောက်တွင်နေရန်
- လူနေမှုပုံစံအသစ်တစ်ခုကိုကျင့်သုံးရန်
- ဘဝဟောင်းကို ✘မှုပ်ပစ်ပြီး၊ ခရစ်တော်အား ရှိသမျှတို့ကိုပေးရန် သင်ဆုံးဖြတ်လိုက်ခြင်းသာ ဖြစ်ပါသည်။ ယခု သင်သည် အသစ်သောလူ ဖြစ်နေပါပြီ။

# ခရစ်တော်၏ တပည့်တော်စစ်

အနှစ်သာရအားဖြင့် သင်သည် ဘုရား၏ သားသမီးတစ်ဦးဖြစ်လာပါသည်။ တစ်နည်းအားဖြင့် သင်သည် သင်၏ အသစ်သောယုံကြည်ခြင်းတွင် လေ့ကျင့်သင် ကြားရန်နှင့် ပြုစုပျိုးထောင်ရန်လိုအပ်သည့် ကလေးငယ်တစ်ယောက်နှင့် တူပါသည်။ အောက်တွင်ဖော်ပြထားသည်များမှာ အရေးကြီးသော အနှစ်ချုပ်အချက်များဖြစ်ပြီး အကယ်၍ သင်၏ အသက်တာအတွက် အသုံးချမည်ဆိုပါက ယေရှုခရစ်တော်၏ တပည့်တစ်ဦးအဖြစ် ကြီးပွါးရင့်ကျက်လာရေးတို့တွင် အထောက်အကူပြုပါလိမ့်မည်။

## ၁၊ တပည့်တော်တစ်ဦးသည်၊ သမ္မာကျမ်းစာတော်မြတ်ကို လေ့လာရန် လိုအပ်ပါသည်။

***သင်မူကား ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာ အကြောင်းမရှိဘဲ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက် ဘုရားသခင့်ရှေ့၌ ကိုယ်ကိုကိုယ် ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့။***

***(၂တိ ၂း၁၅)***

ကျမ်းစာတော်မြတ်ဆိုင်ရာ အထင်ကရပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ရှင်ပေါလုက သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်၍ လေ့လာရန် အရေးကြီးကြောင်း၊ သူ၏ မိတ်ဆွေကောင်းတစ်ဦးအား ပြောခဲ့ပါသည် (၂တိ ၂း၁၅)။ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ ==မေတ္တာစာ++ ဖြစ်ပြီး သူ၏ နှလုံးသားကို ဝေငှသည့် သူ၏ လုပ်နည်းလုပ်ဟန် ဖြစ်ပါသည်။ ရှင်ပေါလုက တိမောသေအား သမ္မာကျမ်းစာတော်မြတ်သည် ဝိညာဉ်တော် မှုတ်သွင်းထား၍ အခြားသူများအား ပို့ချရန်၊ ကျွန်ုပ်တို့၏အသက်တာများကို ပြုပြင်ရန်နှင့် သမ္မာတရားသင်တန်းပေးရန် အခြေခံတစ်ရပ်ဖြစ်ကြောင်း ပြောခဲ့ပါသည်။ ကောင်းသော

အမှု အမျိုးမျိုးကို ပြုစုစေခြင်းဟူသော အဆုံးစွန်သော ပန်းတုံးတိုင်ကို ဖန်တီးပေးပါသည် (၂တိ ၃း၁၆-၁၇)။

ဒါဝိဒ်မင်းကြီးသည် သမ္မာကျမ်းစာတော်မြတ်၏ ထင်ရှားသောပုဂ္ဂိုလ်နောက်တစ်ဦးဖြစ်ပြီး နှုတ်ကပတ်တော်ကို လေ့လာခြင်းနှင့် နှလုံးသွင်းခြင်းသည် အရေးကြီးကြောင်းကို သိသည့်သူ ဖြစ်ပါသည်။ သူက ကျွန်ုပ်တို့ကို ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နှလုံးသွင်း (ဆင်ခြင်အောက်မေ့) သူသည် မြစ်နားမှာစိုက်သော အပင်နှင့်တူ၏ ဟုပြောခဲ့ပါသည်။ ဤအပင်သည် အသီးကိုသီး၍ အရွက်မညှိုးနွမ်းပဲ သူပြုမူလေသမျှ၌ အောင်မြင်ပါလိမ့်မည် (ဆာ ၁း၂-၃)။ ၁၁၉ ခု မြောက်သော ဆာလံ၌ ဒါဝိဒ်မင်းကြီးက နှုတ်ကပတ်တော်သည် သင်၏ ခြေရှေ့မှာ မီးခွက်ဖြစ်၍ အပြစ်ပြုခြင်းမှ ကွယ်ကာမည်ဟု ပြောခဲ့ပါသည် (အပိုဒ်ငယ် ၁၀၅)။ ဘုရားသခင်ကို မပြစ်မှားမိစေရန်၊ နှုတ်ကပတ်တော်ကို နှလုံးထဲတွင်ရှိရန် လိုအပ် ကြောင်းဖေါ်ပြ ပါသည် (အပိုဒ်ငယ် ၁၁)။ သမ္မာကျမ်းစာကို လေ့လာသည်နှင့်အမျှ ယင်းသည် အလင်းကို ပေး၍ မလိမ္မာသော သူတို့ကို လိမ္မာစေပါသည် (အပိုဒ်ငယ် ၁၃၀)။

ယေရှုက မိမိကိုယ်မိမိ ကောင်းကင်ဘုံ၌ရှိတော်မူသော ဖခမည်းတော်နှင့် ပေါင်းကူးပေးသော အသက်ရှိသော နှုတ်ကပတ်တော် (ယော ၁း၁-၃) ဟု ကြေညာခဲ့ပါသည်။ ကိုယ်တော်သည် တပည့်တော်များကို သူသည် လမ်းခရီး၊ သမ္မာတရားနှင့် အသက်ဖြစ်ကြောင်း သွန်သင်ခဲ့ပါသည် (ယော ၁၄း၆)။ နှုတ်ကပတ်တော် (သခင် ယေရှု) သည် ဖမ်းသွားချုပ်ထားလျက်ရှိသောသူများကို လွတ်မြောက်စေသူ ဖြစ်ပါ သည် (ယော ၈း၃၁-၃၂)။ အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်၏ တပည့်တော် စစ်များဖြစ်ခဲ့လျှင် နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ အသက်တာတွင် သက်သေ ထင်ရှားဖြစ်လာပြီး ထိုနှင့်အမျှ လူများသည် ပြောင်းလဲခြင်းများကို တွေ့မြင်ကြရပါ လိမ့်မည် (ယော ၈း၃၁)။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ အသက်တာကို တည်ဆောက်ရမည့် ကျောက်ဖြစ်ပါသည်။ အခြားအရာများ အားလုံး သည် လေတိုက်၍လွင့်သော

သဲများဖြစ်ကြပါသည် (မဿဲ ၇း၂၄-၂၇)။ ရှင်ယာကုပ် က ကျွန်ုပ်တို့ကို နှုတ်ကပတ်တော်အား နာသောသူများသာ မဟုတ်ပဲ ကျင့်သော သူများဖြစ်ရန် အလေးအနက် တိုက်တွန်းခဲ့ပါသည်။ သခင်ခရစ်တော်အပေါ် ကျွန်ုပ်တို့၏ ယုံကြည်မှုသည် လက်တွေ့လုပ်ဆောင်ခြင်းသို့ ဦးတည်သင့်ပါသည်။

နောက်ဆုံးအနေဖြင့် ဟေဗြဲသြဝါဒစာက နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အား စစ်ပွဲအတွက် ပြင်ဆင်ပေးကြောင်း (ဟေဗြဲ ၄း၁၂)၊ အကြောင်းမှာ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးဆိုင်ရာ တိုက်ပွဲဝင်နေကြရသောကြောင့် ဖြစ်ပါသည်။ (ဧဖက် ၆း၁၂) ရန်သူက လှည့်ဖျားလိုသည်၊ သွေးခွဲလိုသည်၊ ဖျက်ဆီး၍ သတ်ဖြတ်လိုပါသည်။ သို့ရာတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အောင်မြင်ကျော်လွှားနိုင်ရန် ကူညီမစပါသည်။ ရှင်ယောဟန်က ကျွန်ုပ်တို့အား ==သင်တို့ဘက်၌ ရှိသောသူသည် လောကဘက်၌ ရှိသောသူထက်သာ၍ ကြီးတော်မူ၏++ ဟုပြောခဲ့ပါသည် (၁ယော ၄း၄)။

သင်သည် နေ့စဉ် နှုတ်ကပတ်တော်အထဲသို့ ဝင်ရမည်ဖြစ်ပါသည်။ သို့မှသာ နှုတ်ကပတ်တော်သည် သင်၏ အထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

## ၂။ တပည့်တော်တစ်ဦးသည် ဆုတောင်းရန်လိုအပ်ပါသည်။

***အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာကို ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့် သင်တို့ တောင်းပန်လိုသောအရာများကို ဘုရားသခင်အားကြားလျှောက်ကြလော့။***

***(ဖိလိပ္ပိ ၄း၆)***

ဆုတောင်းခြင်းသည် အပြန်အလှန်ဆက်သွယ်ခြင်းသာ ဖြစ်ပါသည်။ ဥပမာ ကျွန်ုပ်တို့နှင့် ဘုရားသခင်အကြား ဆက်သွယ်မှုမျိုး ဖြစ်ပါသည်။ ဆက်သွယ်ခြင်း အားဖြင့် ပေါင်းသင်းဆက်ဆံမှုကို တည်ဆောက်ရပါသည်။ နှုတ်ဖြင့်

ပြောသည် ဖြစ်စေ၊ မပြောသည်ဖြစ်စေ စကားပြောသူ၏ နှလုံးသားကို ဖွင့်လှစ်ပြသခြင်း ဖြစ်ပါ သည်။ ဆုတောင်းခြင်း၏ အဓိပ္ပါယ်မှာ ဘုရားရှင်ကို ဦးစွာရှာဖွေခြင်း၊ တောင်းခံ ခြင်း၊ တံခါးခေါက်ခြင်းနှင့် ချည်းကပ်ခြင်းတို့ဖြစ်ကြပါသည် (မဿဲ ၇း၇)။ ဆုတောင်း ခြင်းသည် ကျွန်ုပ်တို့အသက်တာအတွက် ခမည်းတော်၏အလိုတော်ကို လေ့လာသင် ယူရန် ကျွန်ုပ်တို့ ဝင်ရောက်ရမည့် တံခါးဖြစ်ပါသည်။

မကြာခဏ ကျွန်ုပ်တို့သည် မည်ကဲ့သို့ ဆုတောင်းရမည်ကို မသိကြပါ။ ဤ မေးခွန်းသည် တပည့်တော်များက သခင်ယေရှုကို မေးခဲ့သော မေးခွန်းတစ်ခု ဖြစ်ပါ သည်။ ကိုယ်တော်၏ တုံ့ပြန်မှုမှာ ပဌာနာတော်ဖြစ်ပါသည် (မဿဲ ၆း၉-၁၃)။ ပဌာနာတော်သည် အသက်တာခရီးစဉ်တစ်လျှောက်လုံး ဆုတောင်းရမည့်ပုံစံ ဖြစ်ပါ သည်။

တစ်ဖန် ဒါဝိဒ်မင်းကြီးအားဖြင့် ဆုတောင်းခြင်း၏ အရေးကြီးပုံကို ကျွန်ုပ်တို့ မြင်တွေ့ရပါသည်။ သူက ဘုရားရှင်အား သူ၏ဆုတောင်းသံကို နားညောင်းရန်နှင့် သူ့နှလုံးသားမြည်းတမ်းခြင်းကို ဆင်ခြင်ရန် တောင်းလျှောက်ခဲ့ပါသည်။ သူက ဘုရား သခင်သာလျှင် ဘုရင်နှင့်အရှင်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဒါဝိဒ်သည် ဘုရားရှင်၏ ပြောဆိုသံကို ကြားရန်နှင့် ဘုရားရှင် ဘာလုပ်လိမ့်မည်ကို စောင့်ကြည့် ရန် စိတ်အားထက်သန်စွာ စောင့်စားနေခဲ့ပါသည် (ဆာ ၅း၁-၃)။

သခင်ယေရှုသည် တပည့်တော်များအတွက် ဆုတောင်းရန် ဥပမာတစ်ခုကို သတ်မှတ်ပေးခဲ့ပါသည် (မာ ၁း၃၅)။ မကြာခဏ သခင်ယေရှုသည် ဆုတောင်းသော အခါ တပည့်တော်များကို ခေါ်သွားလေ့ရှိပါသည်။ ကံအကြောင်း မလှစွာ၊ အသွေး အသားသည် တစ်ခါတစ်ရံ ဤလူများကို အနိုင်ယူလိုက်ပါသည်။ သူတို့ အိပ်ပျော် သွားခဲ့ကြပါသည် (မာ ၁၄း၃၇-၄၁)။ ကျွန်ုပ်တို့ကို မကြာခဏ ဆုတောင်းရန် တိုက်တွန်းပါသည်။ ရှင်ပေါလုက သက်သာလောနိအသင်းတော်ကို

မခြားမလပ် ဆုတောင်းရန် ပြောပါသည်။ အခြားတစ်နည်းဆိုရလျှင် ကျွန်ုပ်တို့သည် အရာရာ တိုင်းတွင် ဆုတောင်းကြရန် လိုအပ်ပါသည် (၁ သက် ၅း၁၇)။

ကျွန်ုပ်တို့သည် ခရစ်တော်၏ သံတမန်အဖြစ် စကားပြောရသောအခါ တွင်လည်း ဆုတောင်းရန်လိုပါသည် (ဧဖက် ၆း၁၈-၂၀)။ သက်သေခံရာတွင် ကျွန်ုပ်တို့၏ အကြီးဆုံးသောရန်သူမှာ ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်ခြင်းဖြစ်ပါသည်။ သို့ရာတွင် ဆုတောင်းခြင်းဖြင့် ကျွန်ုပ်တို့ အောင်မြင်ကျော်လွှားနိုင်ပါသည် (ဖိ ၄း၄-၇)။ ဆုတောင်းခြင်းနှင့် ပတ်သက်၍ ရှုန်းကန်ရမှု များသည် အလေ့အကျင့်တစ်ခု ဖြစ်လာသောအခါ ==ဆုတောင်းဖော်++ တစ်ယောက်ကို ရှာဖွေခြင်းသည် အထောက် အကူ ရနိုင်ပါသည်။ ဤပုဂ္ဂိုလ်သည် သင်နှင့်အတူ လျှောက်လှမ်းပါလိမ့်မည်။ ယုံကြည်အားထားနိုင်ပြီး အထောက်အကူဖြစ်ကာ သင့်အတွက် ခွန်အားဖြစ်ပါလိမ့် မည်။

ဆုတောင်းခြင်းသည် ==သခင်ယေရှုဆိုလျှင် အဘယ်သို့ လုပ်ဆောင်မည် နည်း++ ဟူသော မေးခွန်းကို မေးခြင်းသာဖြစ်ပါသည်။ အရေးအကြီးဆုံးမှာ အရာရာကို ခရစ်တော်၏အမြင်ဖြင့် ကြည့်ရန်ဖြစ်ပါသည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ မိမိကိုယ်ကို အာရုံစူးစိုက်ခြင်းမှ ကိုယ်တော်ထံသို့ အာရုံစူးစိုက်ခြင်းကို ဖြစ်စေပါသည်။ ကျွန်ုပ်တို့၏ အမြင်ကို ပွင့်စေပါသည်။ ဆုတောင်းခြင်းသည် အရာရာတိုင်းကို လောကီအမြင်ဖြင့် မဟုတ်ပဲ ဝိညာဉ်မျက်စိဖြင့် ကြည့်ရန် အကူ အညီပေးပါသည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့အား အသစ်သော မျှော်လင့်ခြင်း၊ ငြိမ်သက်ခြင်းနှင့် နေ့စဉ်ကြုံတွေ့ရမည်ဖြစ်သော စိန်ခေါ်မှုများကို ရင်ဆိုင်ရန် ခွန်အားတို့ကို ပေးပါသည်။ **ဆုတောင်းခြင်းသည် အရာရာတိုင်းကို ပြောင်းလဲစေ ပါသည်။**

**၃၊ တပည့်တော်တစ်ဦးသည် ညွှန်ကြားခြင်းခံရန် လိုပါသည်။**

# ခရစ်တော်၏ တပည့်တော်စစ်

***ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဒေ့ဆရာ တည်းဟူသော သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသော အရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောသမျှသော စကားတို့ကို မှတ်မိသော ဉာဏ်ကို သင်တို့အား ပေးတော်မူမည်။ (ယော ၁၄း၂၆)***

သခင်ယေရှုသည် ဤလောကကို စွန့်ခွါတော်မူသောအခါ တပည့်တော်များ အား အထက်ခန်းတစ်ခန်း၌ သန့်ရှင်းသောဝိညာဉ်တော် ကြွလာတော်မူသည့်တိုင် အောင် ဆုတောင်းလျှက် စောင့်နေကြရန် ပြောကြားခဲ့ပါသည်။ ခရစ်တော်က သူ ကောင်းကင်ဘုံသို့ ပြန်မကြွသွားခဲ့လျှင် သန့်ရှင်းသောဝိညာဉ်တော်သည် လာနိုင်မည် မဟုတ်ကြောင်း ပြောခဲ့ပါသည် (ယော ၁၄း၁၆-၂၉)။ သန့်ရှင်းသောဝိညာဉ်တော် သည် ကျွန်ုပ်တို့၏ ခိုလှုံရာ၊ ညွှန်ပြသောဆရာနှင့် ဤကမ္ဘာကြီး၏ နောက်ဆုံးခံ တပ်များအား အောင်နိုင်ရန် တွန်းအားပေးမည့်သူဖြစ်ပါသည်။ ခရစ်တော်သည် ကမ္ဘာမြေကြီးပေါ်တွင် ပျောက်ဆုံးနေသော မျှော်လင့်ခြင်းကို ကျွန်ုပ်တို့အားပေးပါ သည် (ရော ၁၅း၁၃)။

တပည့်တော်၏ အောင်မြင်ခြင်းရရန် သော့ချက်သည် ကျွန်ုပ်တို့အား သူ၏ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်စုံစေရန် သခင်ခရစ်တော်အား တောင်းလျှောက် ခြင်းပင် ဖြစ်ပါသည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့အား ကျန်အသင်းဝင်များနှင့် ဆက်စပ်ပေးပြီး တစ်ဦးကိုတစ်ဦး ပြုအပ်သောဝတ်ကိုပြုရာတွင် အထောက်အမ ပေးပါသည်။ ရှင်ပေါလုက ဧဖက်ရှိ တပည့်တော်များကို သူတို့အား နေ့စဉ် သန့်ရှင်း သောဝိညာဉ်တော်နှင့် ပြည့်စုံစေရေးအတွက် ဆုတောင်းကြရန် ပြောပါသည် (ဧဖက် ၅း၁၈)။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ယာဉ်တစ်စီးအတွက် လောင်စာနှင့် တူပါသည်။ အသုံးပြုသည့်အခါ ပြန်လည်ဖြည့်တင်းရန် လိုအပ်ပါသည်။ မဟုတ်ပါက မကြာမီ ကုန်ခမ်းသွားပါလိမ့်မည်။

သန့်ရှင်းသော ဝိညာဉ်တော်၏ ရည်ရွယ်ချက်တစ်ရပ်မှာ အမှုတော်ဆောင် ရန်အတွက် ကျွန်ုပ်တို့အား အားပေး၊ အားပေး✘မှာက်ပြုရန် ဖြစ်ပါသည်။ (တမန်

၁း၈၊ ဇဖက် ၄း၁၂) ထိုနည်းတူ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ခရီးလမ်း တွင် ပဲ့ပြင်ပေးရန် ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သခင်ခရစ်တော် ထံ တိုက်ရိုက်ဆက်သော အသက်ကယ်ကြိုး တစ်ချောင်းဖြစ်ပြီး ဘုရားသခင်၏ မိသားစုနှင့် ဆက်စပ်စေသော အရာတစ်ခုလည်း ဖြစ်ပါသည်။

## ၄၊ တပည့်တော်တစ်ဦးသည်၊ မိတ်သဟာယဖွဲ့ရန် လိုပါသည်။

***ငါတို့သည်ခမည်းတော်နှင့်၎င်း၊ သားတော်ယေရှုခရစ်နှင့်၎င်း၊ မိဿဟာယဖွဲ့ ရသည်ဖြစ်၍ သင်တို့သည် ငါတို့နှင့် မိဿဟာယဖွဲ့စေခြင်းငှါ ငါတို့ကြားမြင် ရသောအရာကို သင်တို့အား ပြသကြ၏။ (၁ယော ၁း၃)***

အခြားအရေးကြီးသော သတိရရန်အချက်မှာ လူယောကျ်ားနှင့် လူမိန်းမ သည် မိတ်သဟာယဖွဲ့ရန် ဖန်ဆင်းခဲ့ခြင်းဖြစ်သည် ဆိုသည့်အချက်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကို တစ်ယောက်တည်း လျှောက်လှမ်းသွားရန် သို့တည်းမဟုတ် အထီးကျန် ဖြစ်ရန် ခွဲခန့်မှတ်သားခဲ့ခြင်း မဟုတ်ပါ။ ခရစ်တော်၏ တပည့်တော်စစ် တစ်ယောက် အနေဖြင့် ကျွန်ုပ်တို့သည် သူ၏ ကမ္ဘာအနှံ့ ကျယ်ပြန့်သော အသင်းတော်၏ အစိတ် အပိုင်းဖြစ်လာပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဦးခေါင်းဖြစ်ပြီး ကျွန်ုပ်တို့ သည် ကိုယ်တော်၏ ကိုယ်ခန္ဓာအသီးသီး ဖြစ်ကြပါသည် (၁ကော ၁၂း၁၂-၂၇)။

အသင်းတော်သည် ကျွန်ုပ်တို့ဝတ်ပြုရာ ပွဲတော်မင်္ဂလာဝင်ရာ (၁ကော ၁၁း ၂၃-၂၄) နှင့် ကျွန်ုပ်တို့၏ ပိုင်ဆိုင်ရာများကို ပေးသောနေရာဌာန ဖြစ်ပါသည်။ ထိုနေရာသည် ကျွန်ုပ်တို့၏ စွမ်းရည်များ၊ ထူးခြားသည့် အရည်အချင်းများနှင့် အစေ ခံမှုများ အစရှိသည့် မိမိကိုယ်မိမိ အပ်နှံနိုင်သောနေရာ တစ်ခုလည်းဖြစ်ပါသည်။ အသင်းတော်ထဲတွင် ကျွန်ုပ်တို့သည် ကြီးပွါးတိုးတက်ခြင်းနှင့် တိုက်တွန်းနှိုးဆော်ခြင်း ကို ခံစားရရှိနိုင်ပါသည်။ မိသားစု

မိတ်သဟာယနှင့်လည်း ဆက်သွယ်မှု ရှိလာပါ သည်။ ကနဦး အသင်းတော်များသည် တစ်အိမ်မှတစ်အိမ်သို့ သွားလာ၍ ပွဲတော် မင်္ဂလာပေးခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်ကြားပြသခြင်းနှင့် အခြား သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်တို့အတွက် အတူတကွ လုပ်ဆောင်ကြ ပါသည် (တမန် ၂း၄၂-၄၇)။

မိတ်သဟာယဖွဲ့ခြင်းသည် ဘုရားရှင်၏ နှလုံးသား၌ရှိ၍ ချစ်ခြင်းမေတ္တာမှ ပေါက်ဖွားလာပါသည်။ ကျွန်ုပ်တို့သည် ဘုရား၏ သားသမီးများဖြစ်ပြီးလျှင် ကျွန်ုပ်တို့ အား စောင့်ရှောက်ရန်နှင့် မိတ်သဟာယဖွဲ့ရန် ကိုယ်တော် အလိုတော်ရှိပါသည်။ ရှင်ယောဟန်က မိတ်သဟာယဖွဲ့ခြင်းသည် ကျွန်ုပ်တို့၏ နှလုံးသားကို ဆေးကြော ခြင်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဟု ဆိုပါသည် (၁ယော ၁း၃-၇)။

နောက်ဆုံးအနေဖြင့် အတူတကွ စည်းဝေးခြင်းကို မမေ့သင့်ကြပါ။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသက်တာတွင် ဘုရားသခင် လုပ်စေ ချင်သောအရာများကို မကြာခဏ လက်လွတ်ဆုံးရှုံး သွားတတ်၍ ဖြစ်ပါသည် (ဟေဗြဲ ၁၀း၂၄-၂၅)။ မိတ်သဟာယသည် ယုံကြည်သူ အသင်းဝင်များအနေဖြင့် ကျွန်ုပ်တို့အား အတူတကွ ပေါင်းစည်းပေးထားသောအရာ ဖြစ်ပါသည်။

### ၅၊ တပည့်တော်တစ်ဦးသည် သက်သေခံရန် လိုအပ်ပါသည်။

***သက်သေခံတော်ချက်ဟူမူကား ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍ ထိုအသက် သည်လည်း သားတော်၌ပါ၏။***

***(၁ယော ၅း၁၁)***

# ခရစ်တော်၏ တပည့်တော်စစ်

ဤလောကကြီး၏ ရန်သူများကို ရင်ဆိုင်ရန် သင်၌ရှိသော အစွမ်းအထက်ဆုံးလက်နက်မှာ သက်သေခံခြင်း ဖြစ်ပါသည်။ သက်သေခံချက်တစ်ခုဆိုသည်မှာ ခရစ်တော်သည် သင်၏အသက်တာတွင် ကိုယ်တော်တိုင် ဘာလုပ်ပေးခဲ့သည်ကို ဝန်ခံခြင်းဖြစ်ပါသည်။ ယင်းသည် အဆင့်နှစ်ဆင့်ပါရှိပါသည်။ ပထမတစ်ခုမှာ သက်သေခံခြင်းသည် နှုတ်မှတစ်ဆင့် သက်သေခံခြင်းဖြစ်ပြီး၊ ဒုတိယမှာ (အစွမ်းအထက်ဆုံးဖြစ်သော) သင်၏ လုပ်ဆောင်ချက်မှတစ်ဆင့် မြင်တွေ့ရခြင်းအားဖြင့် သက်သေခံခြင်းဖြစ်ပါသည်။ လုပ်ဆောင်ခြင်းသည် ပြောခြင်းထက် ပိုမိုထိရောက်ပါသည်။

ရေတွင်းနားမှ ရှမာရိမိန်းမအကြောင်းကို ကျွန်ုပ်တို့ လေ့လာသောအခါ သက်သေခံခြင်း၏တန်ခိုးကို တွေ့မြင်နိုင်ပါသည်။ သခင်ယေရှုနှင့် စကားပြောပြီးသောအခါ သူမသည် ရွာသို့ပြန်၍ သူမ၏ ရွာရှိလူများကို ကိုယ်တော် ဘာပြောခဲ့သည်၊ ဘာလုပ်ခဲ့သည်ကို ပြောပြခဲ့ပါသည်။ သူတို့သည် ဤသူကို ကြည့်ရန် လာရောက်ခဲ့ကြပါသည်။ သူတို့ကို သခင်ယေရှု ဝေငှပြောကြားအပြီး မကြာခင်မှာပင် သူတို့သည် ယုံကြည်သူများ ဖြစ်လာခဲ့ကြပါသည် (ယော ၄း၇-၃၈)။

အခြားသော သက်သေခံခြင်းတစ်မျိုး ဗတ္တိဇံမင်္ဂလာကို ကြည့်ကြပါစို့။ ဗတ္တိဇံမင်္ဂလာသည် သင်၏ ယုံကြည်ခြင်းတွင် အပြောင်းအလဲရှိသည်ကို အခြားသူများအား မြင်တွေ့စေပါသည်။ ခရစ်တော်ကို အရှင်သခင်ဖြစ်စေပြီး သင်၏အသက် တာကို သူ၏ အပေါ်သို့ လုံးလုံးလျားလျား ပုံအပ်လိုက်ခြင်းဖြစ်ပါသည်။ (ရောမ ၆း၄-၇၊ ကောလောသဲ ၂း၁၂)၊ ယင်းသည် တပည့်တော်များအနေဖြင့် ပထမဦးဆုံး လုပ်သင့်သောအရာ ဖြစ်ပါသည်။

ရှင်ပေါလုက တိမောသေအား သခင်ဘုရားအတွက် သက်သေခံရန် ရှက်ကြောက်ခြင်း မရှိဖို့ ပြောပါသည် (၂တိ ၁း၈)။ ယင်းသည် ကျွန်ုပ်တို့အတွက် အတု မရှိဖြစ်ပြီး ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ လူများနှင့် ခြားနားစေပါသည်။ ကျွန်ုပ်တို့၏ သက်သေခံချက်သည် အခြားသူများ၏ အသက်တာကို မည်ကဲ့သို့

ထိမိနိုင်သည်ကို ကျွန်ုပ်တို့ မသိကြပါ။ ဝေငှရန် ရည်မှန်းချက် ရှိကိုရှိရမည် ဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့ ဝေငှခြင်းမပြုပါက လူတို့သည် ယေရှုခရစ်တော်အကြောင်းနှင့် သူတို့၏ အသက်တာတွင် ကိုယ်တော် ဘာလုပ်ရန်အလိုတော်ရှိသည်ကို လူတို့ အဘယ်ကဲ့သို့ သိနိုင်ပါမည်နည်း (ရောမ ၁၀း၁၄-၁၅)။

လူတစ်ယောက်တွင် သက်သေခံချက်အမျိုးအမျိုးနှင့် ဝေငှသည့်နည်းလမ်း အသွယ်သွယ်ရှိပါသည်။ သင်သည် သီချင်းသီဆိုခြင်း၊ ကဗျာ သို့မဟုတ် သင့်အတွက် ထူးခြားသော အဓိပ္ပါယ်ရှိသည့် ကျမ်းပိုဒ်တစ်ပိုဒ်အား ဖတ်ခြင်းတို့အားဖြင့် သင်သည် ဝေငှနိုင်ပါသည်။ ရှင်ပေါလုသည် သူ၏ အသက်တာတွင်ရှိသော ဘုရား သခင်၏ ကျေးဇူးတော်နှင့်တန်ခိုးတော်ကို ဇဖက်ရှိ ယုံကြည်သူများအား သက်သေခံ ပါသည် (တမန် ၂၀း၂၄)။

သင်သည် အခြားသူများကို ဝေငှရခြင်းကို စိုးရွံ့ရန် မလိုပါ။ သခင်ယေရှုက လိုအပ်သည့်အချိန်တွင် ဘုရားသခင်သည် ပြောရမည့်စကားကို ပေးပါလိမ့်မည်ဟု ပြောခဲ့ပါသည် (မဿဲ ၁၀း၁၉-၂၀)။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အထဲတွင်ရှိသော မျှော်လင့်ခြင်းကို ဝေငှရန် ကာလအစဉ် အသင့်ရှိနေသင့်ကြပါသည် (၁ပေ ၃း၁၅-၁၆)။ သမ္မာကျမ်းစာတော်မြတ်က အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ကြသည်ဆိုလျှင် ကျွန်ုပ်တို့တွင် သက်သေခံချက် တစ်ရပ်ရှိနေ ပြီး ယင်းသက်သေခံချက်မှာ ထာဝရအသက်တာတစ်ခုဖြစ်ကြောင်း ပြောပြပါသည် (၁ယော ၅း၉-၁၂)။

## ၆၊ တပည့်တော်တစ်ဦးသည် စည်းကမ်းရှိရန် လိုအပ်ပါသည်။

# ခရစ်တော်၏ တပည့်တော်စစ်

***အဘသည် သားကို ဆုံးမသကဲ့သို့ သင်၏ ဘုရားသခင်ထာဝရဘုရားသည် သင့်အား ဆုံးမတော်မူသည်ကို စိတ်ထဲမှာ အောက်မေ့ရမည်။ သို့ဖြစ်၍ သင်၏ ဘုရားသခင် ထာဝရဘုရားစီရင်တော်မူသော လမ်းသို့ လိုက်၍၊ ကိုယ်တော်ကို ကြောက်ရွံ့သဖြင့် ပညတ်တော်တို့ကို စောင့်ရှောက်ရမည်။***

***(တရားဟော ၈း၅-၆)***

စည်းကမ်းဆိုသည့် ဘာသာရပ်အတွက် ကောင်းသောနှိုင်းယှဉ်မှုတစ်ရပ်မှာ ဥယျာဉ်တစ်ခုကို ပြုစုသည်နှင့် တူပါသည်။ ရိတ်သိမ်းချိန်တွင် သင်၏ လုပ်အားအတွက် အသီးကိုရရန် နေ့စဉ်စိုက်ထည့်ရမည့်အလုပ်နှင့် စိုက်ထုတ်ရမှုများစွာ ရှိပါသည်။ ရှင်ယောဟန်က ကျွန်ုပ်တို့သည် ကိုင်းဖြတ်ရန်နှင့် ပြုစုရန် လိုအပ်သော စပျစ်ပင်၏ အကိုင်းအခက်များနှင့် တူသည်ဟု ကျွန်ုပ်တို့အား ပြောခဲ့ပါသည်။ အချိန်ကျရောက်သောအခါ အသီးကို သီးပါလိမ့်မည် (ယော ၁၅း၁-၁၁)။

ရင့်ကျက်လာရန် အချိန်ယူရပါသည် (ဟေဗြဲ ၆း၁)။ အားထုတ်မှုများစွာ လိုပြီး သင်၏ အသက်တာတွင် စည်းကမ်းရှိဖို့ လိုပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်၏ လမ်းတွင် ပေါ်လာမည်ဖြစ်သော ချိုင့်ဝှမ်းများနှင့် တောင်ထိပ်များတွင် လမ်းပြခေါ်ဆောင်သွားမည်ဖြစ်သောကြောင့် သင်သည် တစ်ဦးတည်း အထီးကျန် မဟုတ်ပါ။ ကျွန်ုပ်တို့သည် ပထမတွင် နို့စို့သူငယ်သဖွယ်ဖြစ်ပြီး ထိုနောက် ကလေးငယ်၊ လူရွယ်နှင့် နောက်ဆုံးတွင် လူကြီးဖြစ်လာပါသည်။ ဤရင့်ကျက်မှုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နေ့စဉ်တိုက်ကျွေးခြင်းမှ ရပါသည် (၁ပေ ၂း၂)။ ခရစ်တော်သည် ကျွန်ုပ်တို့အား သူ၏ ပုံသဏ္ဌာန်တော်နှင့် ပို၍တူလာစေရန် လုပ်ဆောင်ခြင်းဟူသည့် ပန်းတိုင်ကို ရောက်ရန် ကျွန်ုပ်တို့သည် ကြီးထွားဖွံ့ဖြိုးရန် လိုအပ်ပါသည် (ဧဖက် ၄း၁၆)။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ နေထိုင်ကျင့်သုံးရမည့် စံတစ်ခုကို ပေးပါသည်။ လူဟောင်း၏ ကိုယ်ကိုချွတ်ပယ်၍ လူသစ်ကို ယူတင်ဝတ်

ဆောင်ရန် ဆန္ဒတစ်ရပ် ရှိရန်လိုအပ်ပါသည်။ (ကောလောသဲ ၃း၁-၁၇၊ ဧဖက် ၄း၁၇-၃၂) ယင်းအတွက် စည်းကမ်းရှိရန် လိုပါသည်။ သို့ရာတွင် ဆုတောင်းခြင်းအားဖြင့် သင် ကျော်လွှားနိုင်ပြီး ပြောင်းလဲမှုဖြစ်ပေါ်လာပါလိမ့်မည် (၁ယော ၄း၄)။

ယင်းသည် ကျွန်ုပ်တို့ကြီးထွားလာ၊ မလာကို ပြောနိုင်ရန် ကျွန်ုပ်တို့ အသုံးပြုနိုင်မည့် ပေတံတစ်ခုဖြစ်ပါသည်။ ပထမ၊ ကျွန်ုပ်တို့၏ အသက်တာမှ အသီးများကို ကျွန်ုပ်တို့ တွေ့ပါရဲ့လား။ ဒုတိယ၊ မည်သည့်အသီးမျိုး ဖြစ်ပါသနည်း။ ယေရှုက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသီးအားဖြင့် သိရကြလိမ့်မည်ဟု ဆိုခဲ့ပါသည် (မဿဲ ၇း၁၆-၂၀)။ ရှင်ပေါလုကလည်း ကျွန်ုပ်တို့တွင် ဝိညာဉ်တော်အသီး ရှိ၊ မရှိ ကျွန်ုပ် တို့ သိနိုင်မည့်နည်းလမ်းမှာ အခြားသူများကို ကျွန်ုပ်တို့ မည်ကဲ့သို့ ဆက်ဆံပုံကို စောင့်ကြည့်ခြင်းဖြင့် သိနိုင်သည်ဟု ပြောခဲ့ပါသည်။ ကျွန်ုပ်တို့ ပြောဆို၊ ပြုမူသမျှ သောအရာတို့တွင် ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ် ချုပ်တည်းခြင်းတို့ ရှိကြပါရဲ့လား (ဂလာတိ ၅း၂၂-၂၃)။

စည်းကမ်းသည် လောကီအရာများနှင့် ဘုရား၏ အရာများကို ခွဲခြားမှတ်မိရန်လည်း ကျွန်ုပ်တို့ကို အထောက်အမပြုပါသည်။ ယင်းသည် ကျွန်ုပ်တို့အား အမှားနှင့်အမှန် ခွဲခြားရန်၊ ထို့နည်းတူ အသက်ရှင်ခြင်းနှင့် သေခြင်းတို့၏အကြား ကွဲပြားမှုတို့အတွက် အထောက်အကူပြုပါသည် (၂ပေ ၃း၁၈-၁၉)။

နောက်ဆုံးအနေဖြင့် စည်းကမ်းသည်ဘုရားရှင်၏ ပင်ကိုလက္ခဏာ အစိတ် အပိုင်းတစ်ရပ် ဖြစ်ပါသည်။ ကိုယ်တော်က ဘုရားသခင်သည် ချစ်တော်မူသော သူတို့အား ဆုံးမတတ်ကြောင်း မိန့်ဆိုပါသည် (တရားဟော ၈း၅)။ စည်းကမ်း၏ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်သည် မလွယ်ကူပါ။ သို့ရာတွင် ကြိုးစားသောသူများသည် ပစ္စုပ္ပန်နှင့် အနာဂါတ် နှစ်ခုလုံးတွင် ကြီးစွာသော

ချီး✘မှာက်ခြင်းကို တွေ့ရပါလိမ့် မည် (၁ကော ၉း၂၇၊ ကောလောသဲ ၂း၅၊ ၁တိ ၄း၈)။

## ၇၊ တပည့်တော်တစ်ဦးသည် မျိုးစေ့ကြဲသောသူ တစ်ဦး ဖြစ်ရမည်။

*မျက်ရည်ကျလျက် ကြဲရန် မျိုးစေ့ကိုဆောင်လျက် ထွက်သွားသောသူသည်၊ ကောက်လှိုင်းများကိုဆောင်လျက် ရွှင်လန်းသောစိတ်နှင့် အမှန် ပြန်လာလိမ့်မည်။ (ဆာလံ ၁၂၆း၆)*

ကျွန်ုပ်တို့သည် အဖိုးတန်မျိုးစေ့ကို ပေးအပ်ခြင်းခံရသော လယ်သမားနှင့် တူပါသည် (ဆာ ၁၂၆း၆)၊ မျိုးစေ့သည် စိုက်ပျိုးခြင်း မပြုလျှင် အသီးကို မသီးနိုင်ပါ။ ထိုနည်းတူ ကျွန်ုပ်တို့သည် စိုက်ပျိုးရန်မျိုးစေ့ကို ကြဲလိုသည့်ဆန္ဒ ရှိရပါမည်။ လက်ခံ ရရှိပြီးဖြစ်၍ ယခုအခါ ပြန်ပေးရန် လိုအပ်ပါသည်။

ဘုရားသခင်သည် ပေးကမ်းစွန့်ကြဲတော်မူသော ဘုရားဖြစ်ပါသည်။ သူ၏ ချစ်ခြင်းမေတ္တာနှလုံးသားမှ ကျွန်ုပ်တို့အား မြောက်များစွာပေးအပ်ခဲ့ပြီး ကျွန်ုပ်တို့အား သွား၍ တပါးသူများအား နှောင်ကြိုးမဲ့ ပေးကမ်းစေလိုပါသည် (မဿဲ ၁၀း၈)။ ဘုရားရှင်သည် လူတို့အား သူ၏မေတ္တာ၊ ကရုဏာနှင့် ထိတွေ့ဖို့ အသုံးပြုရန် သူ၏ ကိုယ်စား လုပ်ဆောင်ပေးမည့်သူများကို အလိုရှိပါသည်။ ကိုယ်တော်သည် သူတစ်ပါး နှင့် ဝေမျှရမည့် ရတနာများကို ကျွန်ုပ်အတွင်း၌ သိုထားပြီး ဖြစ်ပါသည် (၁ကော ၄း၇)။

ရှင်ပေါလုက တိမောသေအား ယေရှုခရစ်တော်၏ သတင်းကောင်းကို ယူ၍ အခြားသူများထံ ဖြန့်ဝေပေးသည့် သာသနာပြု ဆရာတစ်ဦး (၂တိ ၄း၅) အဖြစ် ဆက်ကပ်လုပ်ဆောင်ရန် သွန်သင်ခဲ့ပါသည်။ ယင်းအချက်က ကျွန်ုပ်တို့အား လုံးသည် သာသနာပြုဆရာများ၊ တရားဟောဆရာများနှင့် သွန်သင်ပေးသော

ဆရာ များဖြစ်သည်ဟူသည့်သဘော မသက်ရောက်ပါ။ ယင်းက ကျွန်ုပ်တို့၏ ခရစ်တော် အပေါ်တွင် ထားရှိသောယုံကြည်ခြင်းကို လူတို့အား ပြောပြရန် လိုအပ်ကြောင်း ဖော်ပြခြင်းသာဖြစ်ပါသည်။ ကျွန်ုပ်တို့အားလုံးတွင် မတူညီသော စွမ်းဆောင်ရည်နှင့် အစွမ်းအစများရှိပါသည်။ အဓိကအချက်မှာ ကျွန်ုပ်တို့အား ပေးထားပြီးသမျှကို ယူ၍ အခြားသူများအပေါ် သွန်းလောင်းရန်ဖြစ်ပါသည် (၁ကော ၃း၆)။

ဥပမာအားဖြင့် ကျွန်ုပ်တို့သည် ရေတွင်းတစ်တွင်းထဲမှ ရေနှင့် တူပါသည်။ ရေကို အသုံးပြုပေးပါက ရေသည် အစဉ်လတ်ဆတ်၍ ရှင်သန်နေပါမည်။ ပစ်ထားပါက ရေသေဖြစ်သွားပြီး တဖြည်းဖြည်း ခမ်းခြောက်သွားပါမည်။ ခရစ်တော်က သင်၏ နှလုံးသားမှ ရှင်သန်သောရေကို အခြားသူများထံ စီးသွားခြင်းကို အလိုတော်ရှိပါသည် (ယော ၄း၁၀၊၁၄)။ သခင်ယေရှုက သူ၏ နာမဖြင့် ရေအေး တစ်ခွက်ကို ပေးပါက ကျွန်ုပ်တို့သည် ကောင်းကြီးမင်္ဂလာများကို ခံစားရမည်ဟု ဖော်ပြခဲ့ပါသည် (မဿဲ ၁၀း၄၂၊ မာကု ၉း၄၁)။

ကိုယ်တော်၏ ကမ္ဘာမြေပေါ်တွင် ကျန်ရှိသော နာရီအနည်းငယ်အတွင်း ယေရှုသည် တပည့်တော်များအား ကျွန်ုပ်တို့ အခေါ် ==မဟာစေစားချက်++ ကို ပေးခဲ့ ပါသည်။ ယင်းသည် သွား၍ တပည့်တော်များ ပို၍ များပြားလာစေရန် အမိန့် တစ်ရပ်ဖြစ်ပါသည် (မဿဲ ၂၈း၁၉-၂၀၊ မာကု ၁၆း၁၅-၁၈)။ သတင်းကောင်းကို မြေပြင်အနှံ့ ကြွေးကြော်ကြရမည် ဖြစ်ပါသည်။

**နိဂုံး**

# ခရစ်တော်၏ တပည့်တော်စစ်

သင်သည် ခရစ်ယာန်အောင်မြင်မှု ခရီးစဉ်တစ်ခုတွင် လျှောက်လှမ်းနေပါသည်။ သင်သိအပ်သော အရာအားလုံးကို နားလည်ချင်မှ နားလည်ပါမည်။ သို့ရာတွင် ယင်းကို မစိုးရိမ်ပါနှင့်။ အမှားများ ပြုလုပ်မိခြင်းနှင့် ချော်လဲခြင်းတို့သည် သင်ခန်းစာတစ်ခုလုံး၏ အစိတ်အပိုင်းသာဖြစ်ပါသည်။ ထပါ ဆက်လက်လျှောက်လှမ်းသွားပြီး ခရစ်တော်၌ ကြီးထွားလာပါ။ သင်သည် ဤသို့ လုပ်ဆောင်သည်နှင့်အမျှ အသီး၏ ခြေရာကို စတင်တွေ့မြင်ရပါလိမ့်မည်။ အခြားသော အရာအားလုံးတို့ထက် ကျွန်ုပ်တို့၏ တပည့်တော်ဖြစ်ခြင်း အောင်မြင်မှု၏ အဓိကအချက်သည် ကျွန်ုပ်တို့ အသက်တာ၏ ပြောဆိုလုပ်ကိုင်လေသမျှတို့တွင် **သခင်ခရစ်တော်**ကို အဓိက ထားရှိခြင်း ဖြစ်ပါသည်။

ခရစ်တော်သည် သင့်ကို **သူ**၏ သိုးများထဲမှ တစ်ကောင်အဖြစ် ထိန်းကျောင်းလိုပါသည်။ ကိုယ်တော်သည် သင့်ကို မည်သည့် အခြေအနေမျိုးဖြင့်ဖြစ်စေ ကြည့်ရှုစောင့်ရှောက်ရန်နှင့် ချစ်ရန် သိပါသည်။ လမ်းခရီး၏ ခြေလှမ်းတိုင်းကို ပြည့်နှံ့ပါလိမ့်မည်။ **သူ**၏ နာမကို ခေါ်လျှင် ထူးပါလိမ့်မည် (ယော ၁၀း၁၁၊၁၄)။

သခင်ခရစ်တော်သည် သင်၏ ရှေ့တွင် ဆိုင်ပြိုင်ခြင်းကို ချထားပါပြီ။ သင်ပြေးမည်၊ မပြေးမည်ဆိုခြင်းသည် သင်၏ သဘောသာ ဖြစ်ပါသည်။ သင်၏ လမ်းခရီးတွင် များစွာသော သွေးဆောင်ခြင်းများနှင့် အတားအဆီးများရှိပါလိမ့်မည်။ သင်သည် ဘုရားရှင်၏ နှလုံးသားကို အာရုံစူးစိုက်၍ နီးနီးကပ်ကပ် နေရပါမည်။ ထိုသို့ပြုလုပ်မည်ဆိုပါက သင်သည် ဆိုင်ပြိုင်ခြင်းကို ပြီးဆုံးစေပြီးလျှင် ကြီးစွာသော ဆုလာဘ်သည် သင့်ကို စောင့်နေပါလိမ့်မည် (ဟေဗြဲ ၁၂း၁-၂၊ ၁ကော ၉း၂၄-၂၆၊ ၁တိ ၂း၅)။

ကျွန်ုပ်တို့၏ ဆုတောင်းပေးချက်မှာ၊ ==***သင်သည် တပည့်တော်ဖြစ်ခြင်း၏ အခြေခံ ဥပဒေသများကို လိုက်လျှောက်သည်နှင့်အမျှ အတုံ့အပြန်အားဖြင့် သင်သည် သခင်ခရစ်တော်၌ အကျိုးဖြစ်ထွန်း၍ ကြွယ်ဝသော အသက်တာ ရရှိပါလိမ့်မည်*** ++ ဟူ၍ ဖြစ်ပါသည်။

# ခရစ်တော်၏ တပည့်တော်စစ်

က။ ပဌနာတော်

ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့အဘ၊
ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော။
နိုင်ငံတော် တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံ ပါစေသော။
အသက်မွေးလောက်သော အစာကို အကျွန်ုပ်တို့အား ယနေ့ပေးသနားတော်မူပါ။
သူတစ်ပါးသည် အကျွန်ုပ်တို့ကို ပြစ်မှားသော အပြစ်များကို အကျွန်ုပ်တို့သည် လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏ အပြစ်များကို လွှတ်တော်မူပါ။
အပြစ်သွေးဆောင်ရာသို့ မလိုက် မပါစေဘဲ၊
မကောင်းသော အမှုအရာမှလည်း ကယ်နှုတ်တော်မူပါ။
အစိုးပိုင်သော အခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည်
ကမ္ဘာအဆက်ဆက်ကိုယ်တော်၌ရှိပါ၏။ အာမင်။

(မဿဲ ၆း၉-၁၃)

ခ။ ဆာလံ ၂၃

ထာဝရဘုရားသည် ငါ၏ သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲ မခံရ။
စိမ်းလန်းသော ကျက်စားရာ အရပ်၌ ငါ့ကို အိပ်စေတော်မူ၏။
သာယာသော မြစ်နားသို့ လမ်းပြတော်မူ၏။ ငါ့ဝိညာဉ်ကို အားဖြည့်၍၊
နာမတော် အဘို့အလို့ငှါ တရားလမ်းထဲ၌ သွေးဆောင်တော်မူ၏။
အကယ်၍ သေမင်း၏ အရိပ်လွှမ်းမိုးသော
ချိုင့်ထဲသို့ ရောက်သွားရသော်လည်း ဘေးအန္တရာယ်ကို မကြောက်ပါ။
အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူ ရှိတော်မူသည်ဖြစ်၍၊
လှံတံတော်နှင့် တောင်ဝှေးတော်သည် အကျွန်ုပ်ကို ချမ်းသာစေပါ၏။
အကျွန်ုပ်၏ ရန်သူတို့ ရှေ့မှာ အကျွန်ုပ်အဘို့ စားပွဲကို ခင်းတော်မူ၏။
အကျွန်ုပ်ခေါင်းကို ဆီနှင့် လိမ်းတော်မူ၏။
အကျွန်ုပ်ခွက်ဖလားသည် လျှံလျက် ရှိပါ၏။ အကယ်စင်စစ် အကျွန်ုပ်သည်
ကျေးဇူးနှင့် ကရုဏာကို တသက်လုံးခံစား၍၊
ထာဝရဘုရား၏ အိမ်တော်မှာ အစဉ်အမြဲနေရပါလိမ့်မည်။
(ဆာလံ ၂၃း၁-၆)

၈။ ပြန်လည်သုံးသပ် ရေးမှတ်ရန်

# Burmese Book Order Form

| SERIES | BOOK | PRICE | QTY | TOTAL |
|---|---|---|---|---|
| | | | | |
| **Leadership** | Relationship Pilgrimage<br>**ဝိညာဉ်ရေးရာခရီးပြုခြင်း** | **$6.95** | | |
| **Leadership** | Christ's Disciple<br>**ခရစ်တော်၏ တပည့်တော်စစ်** | **$6.95** | | |
| **Leadership** | Disciple's Prayer Life<br>**တပည့်တော်၏ဆုတောင်းခြင်းအသက်တာ** | **$6.95** | | |
| **Leadership** | Communion<br>**ပွဲတော်မင်္ဂလာ** | **$6.95** | | |
| | | | | |
| **Other** | Bible Information<br>**သမ္မာကျမ်းစာတော်မြတ်နှင့်**<br>**ပတ်သက်သောအထောက်အကူပြုစာအုပ်** | **$4.95** | | |

**Order online or by e-mail**
**www.lambs.ca**
**printing@vanpelts.ca**

**For mass distribution,**
**contact us for pricing.**